နန့်ဝါကျေးရွာ

နန့်ဝါကျေးရွာအုပ်စု၊ဝိုင်းမော်မြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲရေးသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နန့်ဝါကျေးရွာ၊ဝိုင်းမော်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ် ၊ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

နန့်ဝါကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဝိုင်းမော်မြို့နယ် ၈

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၉

(၁) နိဒါန်း -ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ -ဝင်ငွေ ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ
(၇) ကျေးရွာတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၁၉
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား-၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား-၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား-၃ လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားနှုန်းထား
ဇယား-၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား-၅ ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ
ဇယား-၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား-၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား-၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား-၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား-၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား-၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား-၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား-၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား-၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား-၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား-၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား-၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား-၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား-၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား-၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား-၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား-၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား-၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ

ဇယား-၂၅ ရွှေ့ပြောင်းသွာလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား-၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန့်ပို့ငွေ
ဇယား-၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊စျေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား-၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား-၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား-၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား-၃၁ ကျောင်းတက်နှုန်း
ဇယား-၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား-၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား-၃၄ အဖြစ်များသော ရောဂါများ
ဇယား-၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား-၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား-၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား-၃၈ အိမ်သာအမျိုးအစား
ဇယား-၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား-၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား-၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား-၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား-၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား-၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား-၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား-၄၆ ယာဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား-၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIV ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MOALI စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

STD လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၀ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းကဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်သည် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ

ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နန့်ဝါကျေးရွာ
ဝိုင်းမော်မြို့နယ်

နန့်ဝါကျးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်ကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါ သည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေး လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်၊ ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများ သည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ **စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤတို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

(၂)ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

နန့်ဝါကျေးရွာသည် မြစ်ကြီးနား-ဝိုင်းမော်-ကန်ပိုင်တို ကားလမ်းမကြီးပေါ် တစ်ဖက်ခြမ်းစီဖြစ်ပြီး ကားလမ်းသည် ရွာလယ်ဖြတ်ထားသော ရွာဖြစ်ပါသည်။ကျေးရွာသည် တောင်ဘက်တွင် လယ်ကွင်းနှင့် ဆည်မြောင်းရှိပြီး မြောက်ဘက်ခြမ်းတွင် ယာခင်း၊နမ့်မြင့်ချောင်းနှင့် ချောင်းတစ်ဖက်တွင် နမ့်မြင်းရွာရှိပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အရှေ့ဘက်တွင် ဝါရှောင်ကျေးရွာနှင့် အနောက်ဘက်တွင် နန့်ဝါရပ်ကွက်(၃)နှင့် မုတ်ကျိတ်ကျေးရွာနှင့်တစ်ဆက်တည်းဖြစ်ပါသည်။တစ်နှစ်ပျမ်းမျှမိုးရေချိန်(၆၀")နှင့်(၁၀၀")ကြားတွင် ရှိပါသည်။ ရွာသည် နမ့်မြင်းချောင်းနှင့်ဆည်မြောင်းကြားတွင် တည်ရှိပြီး သောက်ရေအဆင်ပြေပါသည်။ ဤကျေးရွာသည် ရွာလမ်းကြားခင်းရန် ပြည်နယ်လွှတ်တော်ရန်ပုံငွေ(၂၀၁၀-၂၀၁၇)အထိ (၃၀၀၀၀၀)ကျပ် တစ်ကြိမ်သာရခဲ့သည်။ ရွာလမ်းကြားသွားလာ ကောင်းမွန်စေရေးအတွက် နှစ်စဉ်ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ မိမိလုပ်အားဖြင့် တစ်နှစ်အနည်းငယ်စီ လမ်းခင်းပါသည်။

(ခ) သဘာဝအရင်းအမြစ်

ဤကျေးရွာ၏ လယ်ယာမြေသည် မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီး အချို့လယ်ယာမြေများတွင် နှစ်စဉ်နှုန်းတင်မြေနုရှိသည်။ ဤကျေးရွာတွင် လယ်ကွင်းအဓိက(၃)ကွင်းရှိပြီး လယ်(၄၀၆) ဧကရှိပါသည်။ လယ်ထဲတွင် မိုးစပါးတစ်မျိုးတည်းသာ စိုက်ပျိုးပြီး ယာခင်းများသည် ဆောင်းသီးနှံများဖြစ်ကြသောပဲ၊နှမ်း၊မုံညှင်း စိုက်ပျိုးကြသည်။တွင်းထွက် ၊ရေနံသဘာဝဓါတ်ငွေ့သယံဇာတများ မထွက်ရှိပါ။ဤကျေးရွာသည် သီးခြားစားကျက်မြေ မရှိသဖြင့် ကျွဲ၊နွား၊အနည်းငယ်မွေးမြူကြပြီး အိမ်မွေးအဖြစ် ကြက်နှင့်ဝက် တစ်ပိုင်တစ်နိုင်မွေးကြသည်။ ဥစားကြက်၊အသားစားကြက် စီးပွားဖြစ် မွေးမြူ ခြင်း မရှိပါ။

(၃)ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်

အိမ်ထောင်စုပေါင်း(၂၄၉)စုနှင့် ကျား(၆၄၆)ဦး၊မ(၆၆၂)ဦးဖြင့် လူဦးရေ စုစုပေါင်း (၁၃၀၈)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၂၅၆)ဦးနှုန်းရှိပြီး နိုင်ငံတော်သတ်မှတ်ချက် တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦးထက်

ပိုသည်။ ရှမ်းလူမျိုးအများစုနေထိုင်ကြသည်။ အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေ၏(၇၀%)ခန့် ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ကျေးရွာတွင် အမျိုးသမီးဦးရေ သည် အမျိုးသားဦးရေ ပိုများသည်။

(ခ)**စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး သာမန်အားဖြင့် ဝင်ငွေ လျော့နည်း သည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၆၅%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲ အဆင့်တွင် ရှိကြပြီး(၁၀%)သည် ချမ်းသာသည့်အဆင့်၊ (၂၅%)သည် အလယ်အလတ်အဆင့်ရှိကြသည်။ကျေးရွာ တွင် လယ်ယာမြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုတွင် အိမ်ထောင်စုအားလုံး၏ (၁၀%)ခန့်ရှိသည်။ ဆည်ရေသွင်းစိုက်နိုင်သောလယ်များမှာ ကျေးရွာရှိ လယ်အားလုံး၏ (၃၀%)ခန့်ရှိသည်။ ဤ ကျေးရွာသည် လယ်(၁)ဧကမှ (၃)ဧကအထိ ပိုင်ဆိုင်မှုများအသင့်အတင့်ရှိပြီး လယ်ယာ၊ကျွဲ၊နွား ပိုင်ဆိုင်မှုမရှိ သော အလွန်ဆင်းရဲအိမ်ထောင်စုသည်ကျပန်း၊လက်သမား၊ပန်းရံလုပ်ငန်းလုပ်သူ ကျေးရွာတွင်(၁၀)အိမ်ထောင်စု ခန့်ရှိသည်။

(ဂ)**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်းများမှ နေ့စား လုပ်သားများပြုလုပ်ကြပြီး သီးနှံသိမ်းရာသီပြီးဆုံးချိန်တွင် အလုပ်ရှားပါးမှုပြဿနာ ကြုံတွေ့ရသည်။ အချို့အိမ် ထောင်စုများသည် သူများထံမှချေးငှားပြီးမှ နှပ်မှန်အောင်စားနိုင်သော အလွန်ဆင်းရဲထဲမှာ (၁၀%)ခန့်ရှိသည်။ သီးနှံပေါ်ချိန်တွင် မိမိလုပ်အားဖြင့်ရပ်တည်နိုင်ပြီး မိုးတွင် စပါးစိုက်ပြီးချိန်တွင် သူတစ်ပါးထံတွင် ချေးငှား ရချိန် ဖြစ်သည်။

အိမ်ထောင်စုတိုင်းလိုလို (၂၀၀၀၀)ကျပ်မှ (၃၀၀၀၀၀)ကျပ်အထိ အကြွေးတင်ရှိသည်။ လယ် (၅)ဧကမှ (၁၅)ဧကပိုင်ဆိုင်သော တောင်သူများသည် (၉)သိန်းမှ(၁၅)သိန်းအထိ အကြွေး(၈)လတင်ရှိ ကြသည်။မုဆိုးမဦးစီး သော အိမ်ထောင်စု(၁၀%)ခန့်ရှိပြီး မုဆိုးဖိုဦးစီးသော အိမ်ထောင်စု(၅%)ခန့်ရှိသည်။ဂင်းတို့သည်လည်း အလွန် ဆင်းရဲသောအိမ်ထောင်စုများ ဖြစ်ကြသည်။

မသန်စွမ်းသူ(၃)ဦး၊သက်ကြီးရွယ်အိုပိုင်းတွင် စောင့်ရှောက်မှုလွတ်ကင်းပြီး လူငယ်လူရွယ်များသည် ဤ ဒေသတွင် ကျောက်မှော်၊ရွှေမှော်များပြီး ရွာပြင်ပထွက်ပြီး ငွေရှာသူများ(၂)ယောက်ခန့် ကူးစက်ရောဂါရရှိပြီး အချို့လူငယ်များသည် အရက်သောက်၊မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်လည်း ရှိတတ်ပါသည်။ အဝေးပြေးကား လမ်းမပေါ်တွင်တည်ရှိ၍ ယာဉ်မတော်တဆမှုသည် တစ်နှစ်အတွင်း ရံဖန်ရံခါ သာရှိပါသည်။

(ဃ)**ကျန်းမာရေးနှင့်အဟာရ**

ဤကျေးရွာတွင် လူကြီးလူငယ်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြသည်။ရွာသားအားလုံးလိုလို တစ်ကိုယ်ရည်သန့်ရှင်းမှုရှိကြပြီး အဟာရလည်း အတန်အတင့်ပြည့်ဝသည်။တုပ်ကွေးရောဂါ၊သွေးလွန်တုပ်ကွေး ရောဂါ၊ရံဖန်ရံခါဖြစ်တတ်သည်။ ကျေးရွာသားများသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး ဆက်သွယ်ရေးကောင်းမွန်သော ကားလမ်းဖြင့် လွယ်ကူစွာ ဝိုင်းမော်မြို့သို့ (၈)မိုင်ကွာဝေးပြီး တိုင်းဆေးရုံကြီးသို့ (၁၆)မိုင်ကွာဝေးပါသည်။ကျေးရွာတွင် ဆေးပေးခန်းဆေးရောင်းသောဆေးဆိုင်လည်းရှိသည်။

ဤကျေးရွာသည် ချောင်းနှင့်ဆည်မြောင်းကြားတွင်တည်ရှိပြီး သန့်ရှင်းသောသောက်သုံးရေရရှိပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ရံဖန်ရံခါသာ ဖြစ်တတ်သည်။ငှက်ဖျားရောဂါကို မိုးဦးနှင့်မိုးလည်မှာဖြစ်ပြီး အောက်ရပ်ကွက်နှင့်တွဲထားသော အခမဲ့ငှက်ဖျားတိုက်ဖျက်ရေး စေတနာဝန်ထမ်းလည်း (၁) ဦးရှိသည်။ယခုနှစ်တွင် ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းနေကြောင်း တွေ့ရသည်။ဤကျေး ရွာတွင် ကန်ရေမရှိဘဲ တွင်းရေသာ တိမ်တိမ်ဖြင့် ရရှိနိုင်သဖြင့် တစ်ရွာလုံးတွင်းရေကိုသာ အသုံးပြုကြ ပါသည်။

(င)**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ဤကျေးရွာတွင် ယခု(၅)နှစ်အတွင်း ဘွဲ့ရလူငယ်များ(၂၀)ဦးခန့်ရှိကြပြီး အသက်(၄၀၊၅၀)ဝန်းကျင်လူငယ်လူလတ်ပိုင်းများသည် ရေးတတ်ဖတ်တတ်များပြားသည်။ကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်း (၁)ထပ်သွပ်မိုး၊အုတ်ကာရှိသည်။အလယ်တန်း(ခွဲ)ကို (၄)ဖာလုံခန့်ဝေးသော အောက်မုတ်ကျိတ်သို့ ၎င်းအထက်တန်းကျောင်းကို (၂)မိုင်ခွဲခန့်ဝေးသော ဝါရှောင်တွင်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးနည်းစနစ် မကျွမ်းကျင်ဘဲ နိမ့်ကျနေကြောင်း တွေ့ရသည်။

(စ)**ကျား-မရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်းလည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင်ကျား-မတန်းတူလုပ်အားခရရှိပါသည်။ပညာရေးဆိုင်ရာအခွင့်အလမ်းများလည်းအတူတူပင် ဖြစ်သည်။ရွာတွင် ပညာတတ်လူငယ်များသည် ယောကျ်ားများထက် မိန်းကလေး ပိုများနေသည်။အလယ်တန်း၊ အထက်တန်းကျောင်းတွင် လူငယ်များသည်လည်း မိန်းကလေးဦးရေသည် ယောကျ်ားလေးဦးရေထက် (၂၅%)ပို များပြားသည်။

၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၅)ဖွဲ့၊ဘာသာရေးဆိုင်ရာ စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့နှင့် စီးပွားရေးဆိုင်ရာအဖွဲ့တို့ရှိသည်။ အမျိုးသမီးရေးရာဆိုင်ရာ အဖွဲ့လည်းရှိသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ ကော်မတီများဖွဲ့ပြီး အသေးစားငွေချေးလုပ်ငန်းဖြစ်သည့် သမဝါယမအဖွဲ့၊ မြစိမ်းရောင်အဖွဲ့နှစ်ဖွဲ့ကို ပြင်ပမှလာရောက်ဖွဲ့စည်းထားခြင်းဖြစ်ပြီး အသေးစား ငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ရွာငွေစုငွေချေး လည်ပတ်ဆောင်ရွက်မှုတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး စွမ်းဆောင်ရည်မြင့်တင်ရေးအတွက် သင်တန်းရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီ မံအုပ်ချုပ်မှု ၊စီးပွားရေးတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

ကျေးရွာတွင် စီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ အစုအဖွဲ့လိုက် အသေးစား ငွေစုငွေချေးအဖွဲ့တွင် ကျား-မ တန်းတူ အခွင့်အရေးရရှိကြသည်။

(ခ)**သီးနှံနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် လယ်ကေ(၄၀၆)ကေ ရှိသည်။အဓိက မိုးစပါးစိုက်ကြသည်။ကျေးရွာဆည်ရေသွင်းစိုက်ပျိုးနိုင်သောလယ်(၆၀)ကေခန့်ရှိပြီး ကျန်လယ်များသည် မိုးရေခံဖြစ်သည်။ သီးထပ်အဖြစ် ယခုနှစ်တွင် ပြင်ပအဖွဲ့မှ ဦးစီး၍ မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးပြီး ရှမ်းပဲပုတ်၊မြေပဲတို့ကို စိုက်ပျိုးကြသည်။မိုးစပါးသည် ပျမ်းမျှထွက်နှုန်း (၁)ကေ(၈၀)တင်းအထက် ထွက်ရှိသည်။ယခုနှစ်တွင် ဖျက်ပိုးကြောင့် စပါး(၅၀%)ခန့် ပျက်ဆီးခဲ့သည်။ နွေးစပါးစိုက်ပျိုးမှုတွင်အအေးပိုင်းဒေသဖြစ်၍အောင်မြင်မှုနည်းပါးသည်။ဆောင်းသီးနှံအဖြစ်ပဲအမျိုးမျိုး၊နှမ်း၊မုံညှင်းတို့ကို စိုက်ပျိုးကြသည်။ဆောင်းသီးနှံစိုက်ပျိုးမှုတွင် နည်းပညာနည်းခြင်းကြောင့် အသင့်အတင့်သာ အောင်မြင်ပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း နည်းပါးသည်။အခြားဝင်ငွေလုပ်ငန်းများမှာ ဈေးရောင်း၊ အစိုးရဝန်ထမ်းနည်းပါးပြီး ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်း၊နေ့စားလုပ်ငန်းများ အသင့်အတင့်ရှိသည်။ ကျန်သော အချိန်များတွင် ဝင်ငွေပုံမှန်မရှိခြင်းကြောင့် တွက်ခြေကိုက်မှုမရှိချေ။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောသူ ကျား-မ များပြားပြီး စိုက်ပျိုးရေးလုပ်ငန်း မလုပ်သော အချိန်တွင် အရွယ်ကောင်း ကျား-မ များသည် ကျေးရွာတွင်အလုပ်အကိုင်ရှားပါးမှုကြောင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြပြီး အချို့တွင် ကျေးရွာအတွင်း ဆိုင်ကယ်ပြုပြင်ခြင်း၊လက်သမား၊ ပန်းရံ၊သုံးဘီးဖြင့် ဝန်ဆောင်မှုလုပ်ငန်း အနည်းအကျဉ်း ရှိပါသည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ဤကျေးရွာသည် ဘိုးဘွားများခေတ်တွင် ဓါတ်မြေဩဇာမရှိ၍ မြေမှာ သဘာဝအလိုက် ကောင်းပြီး ယခုခေတ်တွင် သဘာဝဓါတ်မြေဩဇာများ ပိုးသတ်ဆေးခရုသတ်ဆေးများ အသုံးပြုခြင်းကြောင့် သဘာဝငါးများ နည်းပါးလာပြီး မြေဆီလွှာများလည်း အရည်အသွေးကျဆင်းမှုများရှိသည်။ အမှိုက်စွန့်ပစ်မှုတွင် ကျေးရွာဖြစ်သောကြောင့် မိမိအိမ်အတွင်း မီးရှို့ပြီး အသင့်တင့် သန့်ရှင်းသည်ကို တွေ့ရပါသည်။

(c)**ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လလျှင် (၁.၅%) ဖြင့် အများဆုံးဆယ်ကော ချေးယူနိုင်သည်။ကျေးရွာတွင် မြန်မာ့သမဝါယမအသင်းမှ ဖွဲ့စည်းပေးထားသော အစုအဖွဲ့မှာ တစ်အိမ်ထောင်လျှင် အစုအဖွဲ့ဝင်များအတွက် (၆)လတစ်ကြိမ် ချေးပေးပြီး ကျန်အပြင်အဖွဲ့ဖြစ်သော မြစိမ်းရောင်စီးမံကိန်းအဖွဲ့မှလည်း အစုအဖွဲ့ဖွဲ့ပြီး တစ်နှစ်လျှင် တစ်ကြိမ်(၁၅%)အတိုးဖြင့် အနည်းအကျဉ်း ချေးပေးပါသည်။

ကျေးရွာတွင် မိသားစုအချင်းချင်းငွေချေးငှားရာတွင် တစ်လလျှင်(၅%)မှ(၁၀%)အထိရှိပြီး တောင်သူများ မချေးယူနိုင်ပါ။

(စ) **ပညာရေး၊ကျန်းမာရေး၊ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် (၁၀၀'x၃၂'x၁၀')အရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာနှင့်(၄၀'x၂၀'x၁၀')အရွယ်ရှိ သွပ်မိုးကျောင်းဆောင်နှစ်ဆောင် မူလတန်းကျောင်းရှိသည်။ ရွာသားများသည် အသက်(၅၀)အထက်တွင် ရေးတတ်ဖတ်တတ်မှုနည်းပါးပြီး အသက်(၄၅)တွင် လူလတ်များ အသင့်တင့် ရေးတတ်ဖတ်တတ်ကြသည်။ဘုန်းတော်ကြီးကျောင်းပညာရေး မရှိပါ။ဤကျေးရွာတွင်ဆရာ/မ(၇)ဦး၊ မူကြိုကျောင်း ဆရာမအပါဖြစ်သည်။အလယ်တန်းအဆင့်သည် အုပ်စုမူလွန်ကျောင်းတွင် တက်ရောက်ကြပြီး အထက်တန်းမှ အချို့မြို့ပေါ်သို့ သွားရောက်သင်ယူကြပြီး အချို့တွင် ကျေးရွာနှင့်(၃)မိုင်ခန့်ဝေးသော ဝါရှောင်တွဲဘက်(အထက)သို့ တက်ရောက်သင်ယူကြသည်။

ကျေးရွာတွင် တစ်အုပ်စုလုံးဆေးပေးခန်းရှိပါသည်။သားဖွားဆရာမ(၁)ဦးရှိသည်။နယ် စည်းမထားအဖွဲ့မှ ငှက်ဖျားကုသရန် အခမဲ့ဆရာမတစ်ဦးခန့်ထားသည်။အခြားပြင်ပဆေးခန်းမရှိပါ။ဝိုင်းမော်-မြစ်ကြီးနားမြို့နှင့်(၁၀)မိုင်သာဝေးသောကြောင့် အဝေးပြေးကတ္တရာလမ်း မပေါ်ရှိသောကြောင့် ကျန်းမာရေးဝန်ဆောင်မှုအသင့်တင့်လွယ်ကူသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင် နည်းပါးသည်။ချောင်းနှင့်ဆည်မြောင်းကြား တည်ရှိသော ရွာဖြစ်၍ တွင်းရေကို လွယ်ကူစွာအသုံးပြုနိုင်သည်။

ဤကျေးရွာတွင် ဆင်းရဲသောတောင်သူများဖြစ်ကြပြီး အိမ်ရာများကို အချို့တွင်ပျဉ်ခင်းပျဉ် ကာ၊ အချို့ ဝါးရိုင်ပတ်ဖြင့် များပြားပြီး ချမ်းသာသော မိသားစု(၃-၄)အိမ်သာလျှင် အုတ်ကျင်းအိမ်သာကို အသုံးပြုနိုင် သည်။တစ်ရွာလုံးလိုလို ယင်လုံအိမ်သာအသုံးပြုနိုင်ကြသည်။ရေတွင်းများသည် အင်္ဂတေရေတွင်းများဖြစ်သော ကြောင့် သန့်ရှင်းမှုရှိသည်။

(ဆ)**လူငယ်နှင့် ယဉ်ကျေးမှု**

ဤကျေးရွာသည် ရှမ်းလူမျိုးများဖြစ်ကြပြီး ဘိုးဘွားများ ထိန်းသိမ်းခဲ့သော လူမှုဆိုင်ရာ ရှမ်းယဉ်ကျေးမှု နှင့်လူငယ်များအတွက် ဓမ္မစကူးလ်ဖွင့်ထားသည်။ဘာသာရေးပွဲများ၊လူမှုရေးပွဲများတွင် လူပျိုအပျိုဓမ္မစကူးလ် ကျောင်းသား/သူများ ရိုးရာအကများဖြင့် တင်ဆက်လေ့ရှိပါသည်။

(ဇ)**အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာတွင်းအစိုးရနှင့်အဖွဲ့အစည်းများဦးစီးပြီး လမ်းတံတားဖွံ့ဖြိုးရေးလုပ်ငန်းများ မတွေ့ရပါ။ကိုယ်ထူ ကိုယ်ထ ရွာလမ်းကြားများကို ပြည်သူထော်လာဂျီများနှင့် ပြည်သူများ ခင်းထားသော လမ်းရှိသည်။ကျေးရွာတွင် ထော်လာဂျီ(၁၀)စီး၊ကုန်ကား(လိုက်ထရပ်)(၂)စီး၊ ဆိုင်ကယ်အစီး(၁၀၀) ကျော်နှင့် စက်ဘီးအသင့်တင့် အသုံးပြု သည်။

လျှပ်စစ်မီးကို (၂၀၁၄)ခုနှစ် အလယ်ပိုင်းတွင် မဟာဓါတ်အားလိုင်းမှ လာရောက်သွယ်တန်းပေးပြီး ကျေး ရွာအိမ်ခြေ(၉၀%)စီ ရရှိကြသည်။အောက်ရပ်ကွက်တွင် တယ်လီနောတာဝါတိုင်(၁)ခု၊ MPTတာဝါတိုင်(၁)ခု တည်ဆောက်ထားပြီး မိုဘိုင်းဖုန်းဆက်သွယ်မှု လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုမှုနည်း ပါးသည်။ကျေးရွာတွင် စုစုပေါင်းစာကြည့်တိုက်ရှိသော်လည်း ဖတ်ရှုသူမရှိပါ။ဝန်ထမ်း(၂)ဦး၊(၃)ဦးသာ သတင်းစာ နှင့် ဂျာနယ်များ ဝယ်ယူဖတ်ရှုကြသည်။တစ်ရွာလုံးဖုန်းဆက်သွယ် မှုအတိုင်းအတာနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရသည်။

(ဈ)**တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးသည်။လွန်ခဲ့သော (၃)နှစ်ခန့်က ကျေးရွာတည်ငြိမ်အေး ချမ်းမှု နည်းပါးသည်။ယခုနှစ်တွင် တည်ငြိမ်အေးချမ်းပြီး ကုန်စည်စီးဆင်းမှု ကူးသန်းရောင်းဝယ်မှု ချောမွေ့သည်။ ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေး၊ အင်တာနက်ဆက်သွယ်ရေး အသုံးပြုကြပြီ လိုအပ်သည့်သတင်း အရင်း အမြစ်များအတွက် ဆက်သွယ်သိရှိနိုင်သည်။ရွာသားများသည် ရဲစခန်းနှင့်လွယ်လင့်စွာ ဆက်သွယ်နိုင် သည်။ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သီးခြား ကာကွယ်ရေး၊ အန္တရာယ်လျော့ပါးရေးအစီအစဉ် မရှိပါ။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ အသုံးပြုနိုင်ပြီး ကျေးရွာအိမ်ခြေ(၅၀%)သည် မီးဖိုချောင် ချက်ပြုတ်ရေးတွင် ထင်းသက်သာစေသည်။လူနေမှုအဆင့်အတန်းမြင့်မားရေး၊ကျောင်းသူ/သားများအတွက် စာကျက်ချိန်အတွက် အထောက်အပံ့များ ရရှိနိုင်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေအားလုံး၏(၇၀%)မှာအလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်ပြီး ဘွဲ့ရလူငယ်များမှာ အလုပ်ရှားပါးမှုကြုံနေရသည်။အသက်မွေးဝမ်းကျောင်းများနှင့် သက်ဆိုင်သည့် သင်တန်းများလေ့ကျင့်သင်ကြားမှု ပြုလုပ်ပေးခြင်းအားဖြင့် အလုပ်လက်မဲ့နှုန်းကို လျော့ချနိုင် သည်။

(ခ)အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာတွင်လယ်ယာမြေများ၊မြေဆီအသင့်အတင့်ကောင်းမွန်ခြင်းမှလွဲ၍ အခြားရတနာ သယံဇာတများ မထွက်ပါ။လူဦးရေတိုးပွားလာသည်နှင့်အမျှ လယ်မြေချဲ့ရန် မြေလွတ်များမရှိ၍ အဟန့်အတားတစ်ရပ်လိုဖြစ်နေပါသည်။အထွက်တိုးရန်သာ အားသွန်ခွန်စိုက် ကြိုးစားရမည်။

ဝါရှောင်ဆည်မှ နွေစပါးအတွက် ဧက(၅၀)စိုက်ပျိုးနိုင်သော်လည်း ဆောင်းရာသီတွင် ပဲပုတ်၊ မြေပဲများသာ စိုက်ပျိုးကြသည်။ဆောင်းရာသီစိုက်ပျိုးရေးတွင် နည်းပညာအသုံးပြုမှုနှင့် ဓါတ်မြေဩာ အသုံးပြုမှုနည်းပါးသည်။စိုက်ပျိုးရေးတွင် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊အရင်းအနှီး၊ မျိုးကောင်းမျိုးသန့် အသုံးပြုနိုင်မှု အားနည်းခြင်းကြောင့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ဆောင်းသီးနှံ စိုက်ပျိုးရေးတွင် ဘဏ်နှင့်အခြားပြင်ပအဖွဲ့အစည်းများ၊ချေးငွေထုတ်ချေးပေးခြင်းမရှိပါ။ အတိုးနှုန်းကြီးမားသောအပြင် မိသားစုငွေတိုးချေးစားသူများထံမှ ချေးသုံးရခြင်းကြောင့် တောင်သူများ ဆင်းရဲတွင်းမှ မရုန်းထွက်နိုင်သော အခြေအနေသို့ ရောက်ရသည်။ကျေးရွာတွင်းမှလည်း အိမ်တွင်းထုတ်လုပ်မှု လုပ်ငန်းမရှိခြင်း၊အိမ်တွင်း ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ကျွမ်းကျင်တတ်အသိပညာ အား နည်းခြင်းကြောင့် အလုပ်အကိုင်နှင့်ပုံမှန်ဝင်ငွေမရခြင်း ဖြစ်သည်။

၆။ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးရွာအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဤကျေးရွာသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသောကြောင့် ဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျေးရွာသည် စိုက်ပျိုးရေး၊မွေးမြူရေးအခြေခံသောကြောင့် ရွာလူထုသည် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အခြားအလုပ်အကိုင်များဖန်တီးခြင်း၊အသက်မွေးဝမ်းကျောင်းပညာသင်တန်းမှ ရရှိသော ဝင်ငွေရှာနိုင်စွမ်းနှင့် စီးပွားရေးတိုးတက်စေရမည်။

(က-၂)ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် မြင့်မားကျယ်ပြန့်စေရမည်။

(က-၃)ရွာလူထုသည် အသက်မွေးဝမ်းကျောင်းပညာရပ်နှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ)**အကောင်အထည်ဖော်နည်းဗျူဟာ**

အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက်စီမံခွဲဝေချထားပေးမည်။

(ခ-၂) အသက်မွေးဝမ်းကျောင်းနှင့်သက်ဆိုင်သော အပ်ချုပ်၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာသင့်လျော်သော သင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

၇။**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ ရေရှည်တည်တံ့မည့်အထောက်အပံ့များကိုလည်း နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျေးရွာသားများမှ လုပ်ကိုင်ရရှိခဲ့မှုကို နောက်ဆုံးအတည်ပြုဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။

(ခ) **စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ဤကျေးရွာလယ်ယာမြေများကို သီးထပ်စပါးများ မစိုက်ပျိုးဘဲ မြေပဲ၊ပဲပုတ်၊ရှမ်းပဲပုတ်များ စိုက်ပျိုးကြပြီး ဖျက်ပိုးများ မကျရောက်သဖြင့် ရွာသားများဝင်ငွေလျော့နည်းမှုကို ကာကွယ်နိုင်ပါ သည်။

(ဂ)**ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဤကျေးရွာတွင် ဆင်းရဲတောင်သူနှင့်အလယ်အလတ်တောင်သူများအတွက် လိုအပ်သော ချေးငွေကို စနစ် ပြောင်းလဲချ မှတ်သင့်ပါသည်။ တောင်သူများ အမှန်တကယ် လိုအပ်သော စိုက်ပျိုးရေးကဏ္ဍနှင့်အခြား အသေးစားလုပ်ငန်းများအတွက် အထိုက်အလျောက်ရင်းနှီးငွေများပြား လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်းထားသော်လည်း လုပ်ငန်းအတွက် လုံလောက်သော အဆင်ပြေမှု မရှိကြောင်း သိရပါသည်။

၈။ **စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘော တရားနားလည်စေနိုင်မည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာစီမံချက်ကာလ အတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည် ဖော်မှုဆိုင်ရာ အဓိကတွက်ချက်မှုများဖြစ်သည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက (၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်၊ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊(၃)နှစ် ကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း(၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက် ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထား သည့် (၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင် ပါမည်။ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ကို ဆောင်ရွက်သွားကြပါမည်။

(ခ) **ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာမှု လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းဖြင့် ဝန်ကြီး ဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများ အလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေ နိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းစီးပွားရေး အကျိုးဖြစ်ထွန်းမှုကို အကျိုး

သက်ရောက်မှုဆိုင်ရာ ငွေစာရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်သည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ					
ကဏ္ဍ	**စီမံချက်**	**ရမှတ်ပေါင်း**	**အဆင့်**	**စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက်**	**မှတ်ချက်**
အုပ်ချုပ်ရေးကဏ္ဍ အုပ်ချုပ်ရေးကဏ္ဍတိုးတက်မှု	၁။ဘေးကင်းလုံခြုံရေးနှင့် အမျိုးသမီးများဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး	၆၄	၇	-ဘေးကင်းလုံခြုံရေးရရှိရန် အမျိုးသမီးများအား အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း -မီးဘေးအန္တရာယ်များ ကာကွယ်နိုင်ရေး -ဒုစရိုက်မှုများမှ ကာကွယ်ရန် ကျေးရွာတွင် အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း	အထွေထွေဦးစီးဌာန
စိုက်ပျိုးရေးကဏ္ဍ စိုက်ပျိုးရေးသွင်းအားစုနှင့် နည်းပညာသင်တန်း	၂။စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး	၇၆	၆	-စိုက်ပျိုးရေးသွင်းအားစု ဆက်သွယ်မှုရရှိရန် -စိုက်ပျိုးထုတ်ကုန်များကို ဈေးကွက်ရရှိရန် -မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း -ဆည်မြောင်းများ ဖောက်လုပ်ပေးခြင်း -စပါးအထွက်တိုးနည်းပညာသင်တန်း(ပိုးမွှားနှင့်ရောဂါ) -စိုက်ဘဏ်မှချေးငွေကာလတိုးမြှင့်ပေးရန်	စိုက်ပျိုးရေးဦးစီးဌာန
အခြားဝင်ငွေရလုပ်ငန်းများသင်တန်း၊စီးပွားရေးလုပ်ငန်းများ	၄။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၈၉	၂	-ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာပေးခြင်း (စက်ချုပ်၊မုန့်လုပ်၊စက်ပြင်၊ဆိုင်ကယ်ပြင်) -အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာ ပံ့ပိုးမှု တင်ပြတောင်းဆိုခြင်း	ကျေးလက်ဦးစီးဌာန

နှင့်ချိတ်ဆက်ခြင်း				-အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းသက်ဆိုင်သောမူဝါဒ၊နိုင်ငံခြားသို့အလုပ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ထုံးလုပ်နည်း၊မူဝါဒ -အီလက်ထရောနစ်၊မိုဘိုင်းဖုန်းပြုပြင်ခြင်းသင်တန်း	
ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်းချေးငွေလက်လှမ်းမှီရေး	၅။ရင်းနှီးမတည်ငွေများ ပိုမိုရရှိလာစေရေး	၇၉	၄	-ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း -အတိုးနှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း	ကျေးလက်ဦးစီးဌာန
ပညာရေးကလေးပညာရေးဖွံ့ဖြိုးရေး	၆။ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်ရေး	၇၈	၅	-ကလေးကစားကွင်းတည်ဆောက်ခြင်း -အသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်း -ကျောင်းစာကြည့်တိုက်များတွင် ပိုမိုပံ့ပိုးပေးခြင်း -ကျေးရွာ၏ ပညာရေးတိုးတက်ရန်အတွက် သင်ထောက်ကူပစ္စည်းပံ့ပိုးခြင်း	ပညာရေးဦးစီးဌာန
ကျန်းမာရေးကျေးရွာ၏ကျန်းမာရေးတိုးတက်လာစေရေး	၇။ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး	၆၁	၈	--ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း -ကျေးရွာအတွင်း သန့်ရှင်းရေးများပြုလုပ်ခြင်း	ကျန်းမာရေးဦးစီးဌာန

မူးယစ်ဆေးဝါးပပျောက်ရေး	၈။ကျေးရွာရှိ လူငယ်လူရွယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှကင်းဝေးစေရေး	၉၆	၁	-ပြည်ထဲရေးဌာနသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရန်အတွက် တောင်းခံခြင်း -တိုက်ဖျက်ရန်ကော်မတီများဖွဲ့စည်းခြင်း -ကျန်းမာရေးဌာနသို့ မူးယစ်တိုက်ဖျက်ရေးဟောပြောပွဲများလာရောက်ပြုလုပ်ရန် တောင်းခံခြင်း	အထွေ့အုပ်ချုပ်ရေးဦးစီးဌာန
လမ်းပန်းဆက်သွယ်ရေး လမ်း၊တံတားကောင်းမွန်လာစေရေး	၉။ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက်လာစေရေး	၆၁	၈	-ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ကျေးရွာတွင်းမြေသားလမ်းများပြုပြင်ခြင်း -ရွာတွင်းကွန်ကရစ်တံတားငယ်များတည်ဆောက်ခြင်း	ကျေးလက်ဦးစီးဌာန
လူငယ်၊ယဉ်ကျေးမှုနှင့် အားကစားလူငယ်များ စွမ်းဆောင်ရည်တိုးတက်လာစေရေး	၁၀။လူငယ်များနှင့် အမျိုးသမီးများကျန်းမာကြံ့ခိုင်ပြီး စာပေဗဟုသုတ လေ့လာနိုင်စေရေး	၄၁	၉	-စာကြည့်တိုက်များ ပြန်လည်အသက်ဝင်လာစေရန် စာအုပ်များဖြည့်ဆည်းခြင်း၊စာပေဟောပြောပွဲများ ပြုလုပ်ခြင်း -စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းပေးခြင်း -အမျိုးသမီးများအား ခေါင်းဆောင်မှုဆိုင်ရာနှင့် ငွေစာရင်းသင်တန်းများပေးခြင်း	ပြန်/ဆက်ဦးစီးဌာန အမျိုးသမီးရေးရာအဖွဲ့

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	**စီမံချက်(Project)**	ဦးစားပေးအဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	မူးယစ်ဆေးဝါးပပျောက်ရေး	၁	A	A	A	A	A
၂	အလုပ်အကိုင်ရှားပါးခြင်း	၂	A	A	A	A	A
၃	လူငယ်အရင်းအမြစ် သံယောတအရင်းအမြစ်ကောင်းပြီး ငွေရင်းငွေမြစ်လိုအပ်ခြင်း	၃	A	A	A	A	A
၄	ငွေရေးကြေးရေးခက်ခဲခြင်း	၄	A	A	A	A	A
၅	လူလတ်ပိုင်း ပညာရေးအားနည်းခြင်း	၅	A	A	A	A	A
၆	စိုက်ပျိုးရေးကဏ္ဍနည်းပညာလိုအပ်ခြင်း	၆	A	A	A	A	A
၇	ဘေးကင်းလုံခြုံခြင်း	၇	A	A			
၈	သန့်ရှင်းမှု အားနည်းခြင်း	၈	A	A	A	A	A
၉	လမ်းမကောင်းခြင်း	၈	A	A	A	A	A
၁၀	အစုအဖွဲ့ဖြင့် စနစ်တကျလုပ်ကိုင်ရာတွင် အမျိုးသမီးရုံးတွင် မရှိခြင်း	၉		A	A	A	A

၉။ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင် ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် အချို့စီမံချက် များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်း များ ထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်တို့)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	မူးယစ်ဆေးဝါးပပျောက်ရေး	√				
၂	ကျေးရွာ၏ ပညာရေးတက်မြောက်မှု တိုးတက်လာစေရေး			√		
၃	ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက် လာစေရေး	√				
၄	အလုပ်အကိုင်အခွင့်အလမ်းများပြား လာစေရေး		√			
၅	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ ကျွမ်းကျင်မှုများ တိုးတက်ရေး		√			
၆	မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက် ရေး			√		
၇	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး				√	
၈	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာ					√

	စေရေး					
၉	သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး			√		
၁၀	လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေး ရေး				√	

၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်ပါသဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ)**ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုအပ်ပါမည်။ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပါမည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာထုတ်ကုန်လုပ်ငန်းအထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန်၊ မြို့နယ်

ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ)**ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကျေးရွာကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့် ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင်တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက်

လမ်းကော်မတီ၊စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်သွားပါမည်။

(၁၁)**စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

